# ဆိုးရွားသော ရာသီဥတု

## စီမံချက် (က)
**နှစ်နာရီ နောက်ကျ စတင်ခြင်း**

*မည်သည့်အကြောင်း အရာကို ဆိုလိုသနည်း။*
ဆိုလိုသည်မှာ ကျောင်းများသည် ပုံမှန်ကျောင်းတက်ချိန်ထက် နှစ်နာရီ နောက်ကျစတင်ပါမည်။ ကျောင်းဆင်းချိန်မှာ ပုံမှန်အချိန် ဆင်းလွှတ်ပါမည်။

*ဥပမာအားဖြင့်–*
သင့်ကလေး၏ကျောင်းသည် ပုံမှန်အားဖြင့် နံနက် ၇း၀၀ နာရီစတက်လျှင် ထိုကျောင်းသည် နံနက် ၉း၀၀ နာရီသို့ ပြောင်းရွှေ့ စတင်သွားပါမည်။

ထိုနည်းတူ သင့်ကလေး၏ ကျောင်းကားသည် နံနက် ၆း၃၀ နာရီလာလျှင် ထိုကျောင်းကားသည် နံနက် ၈း၃၀ နာရီသို့ ပြောင်းလဲ ကြိုပို့သွားပါမည်။

**အစီအစဉ် ဥပမာ**

- မူကြိုကျောင်းများ အားလုံးပိတ်ဆိုင်းသည်
- ကျောင်းဘက်စကားများအားလုံး နှစ်နာရီနောက်ကျ ပြေးဆွဲပါမည်၊ ပုံမှန် ဝန်ဆောင်မှုသည် ''အသွား၊ အပြန်'' လမ်းကြောင်း အတိုင်းသာဖြစ်ပါသည်။

## စီမံချက် (ခ)
**နှစ်နာရီ စောလွှတ်ခြင်း**

*မည်သည့်အကြောင်း အရာကို ဆိုလိုသနည်း။*
ဆိုလိုသည်မှာ ကျောင်းသားများသည် ကျောင်းမှ ပုံမှန်အချိန်ထက် နှစ်နာရီစောလွှတ် သွားပါမည်။

*ဥပမာအားဖြင့်–*
ပုံမှန်အားဖြင့် သင့်ကလေး၏ကျောင်းသည် ညနေ ၃း၀၀ နာရီဆင်းလျှင် ထိုကျောင်းသည် နှစ်နာရီစောလွှတ်ပြီး နေ့လည် ၁း၀၀ နာရီတွင် ပြီးဆုံးပါမည်။

ထိုနည်းတူ သင့်ကလေး၏ ကျောင်းကားသည် ညနေ ၃း၃၀ နာရီပို့ဆောင်ပါက နှစ်နာရီစောကာ နေ့လည် ၁း၃၀ နာရီတွင် ပို့ဆောင်သွားပါမည်။

**အစီအစဉ် ဥပမာ**

- နေ့လည် မူကြိုကျောင်းများအားလုံး ပိတ်ဆိုင်းသည်။
- နေ့လည်အချိန် ပြေးဆွဲသော ကျောင်းကားများအားလုံး နှစ်နာရီစောပြီး ပို့ဆောင်ပါမည်။
- ညနေပိုင်း သင်ရိုးပြင်ပ လှုပ်ရှားမှုများ ဖျက်သိမ်းပါသည်။
- ကျောင်းဆင်းချိန်နောက်ပိုင်း အစားအစာ အစီအစဉ် အားဖျက်သိမ်းပါသည်။

## စီမံချက် (ဂ)

ကျောင်းများ ပိတ်ပြီး၊ ကျောင်းခရိုင်ရုံးများ ဖွင့်ပါသည်။

### *မည်သည့်အကြောင်း အရာကို ဆိုလိုသနည်း။*

ဆိုလိုသည်မှာ ကျောင်းသားများအတွက် ကျောင်းမဖွင့်ပါ။

*ဥပမာအားဖြင့်–*

မည်သည့်ကျောင်းသားမှ ကျောင်းသို့ သွားရောက်ရန်မလိုပါ။ ကျောင်းခရိုင်ရုံးများသာ ပုံမှန်အတိုင်း ဖွင့်သွားပါမည်။

### အစီအစဉ် ဥပမာ

- မူကြိုကျောင်းများ အားလုံးပိတ်ဆိုင်းပါသည်။
- ကျောင်းကားဝန်ဆောင်မှုများ ရပ်ဆိုင်းပါသည်။
- အစားအစာ အစီအစဉ်များလည်း ဖျက်သိမ်းပါသည်။

## စီမံချက် (ဃ)

ကျောင်းများ ပိတ်ဆိုင်းသည်၊ ခရိုင်ရုံးများနှင့် **KCK** ပြည်သူ့ စာကြည့်တိုက်များလည်း ပိတ်ရှိပါသည်။

### *မည်သည့်အကြောင်း အရာကို ဆိုလိုသနည်း။*

ဆိုလိုသည်မှာ ကျောင်းများ၊ KCKPS ကျောင်းခရိုင်ရုံးများနှင့် KCK ပြည်သူ့ စာကြည့်တိုက်၏ အခွဲများ အားလုံးပိတ်ပါသည်။

### အစီအစဉ် ဥပမာ

- မူကြိုကျောင်းများ အားလုံးပိတ်ဆိုင်းပါသည်။
- ကျောင်းကားဝန်ဆောင်မှုများ ရပ်ဆိုင်းပါသည်။
- အစားအစာ အစီအစဉ်များလည်း ဖျက်သိမ်းပါသည်။

သတိပြုရန်– ကျောင်းကားများ၏ ပုံမှန်ဝန်ဆောင်မှု “အသွား၊ အပြန်” လမ်းကြောင်းဆိုသည်မှာ ထိုကျောင်းကားများသည် အောက်ပါလမ်းကြောင်းများသို့ သွားရောက်ပို့ဆောင်ခြင်းမရှိပါ။

(မူကြိုကျောင်းများ၊ ကန်းဆက်မြို့နယ် မျက်မမြင်ကျောင်းများ၊ ကန်းဆက်မြို့နယ် နားမကြားကျောင်းများ၊ နည်းပညာ သင်တန်း ဆင်တာများ၊ ကန်းဆက်မြို့နယ် ကောလိပ်ကျောင်းများ၊ ဘုရားကျောင်းများနှင့် ဆိုင်သောကျောင်းများ၊ အထူးပညာသင်ကြားရေး ကျောင်းဆောင်များ)

## အစားအစာ ဝန်ဆောင်မှု ပေးဆောင်ခြင်း။

နံနက်စာအား စီမံချက် (က၊ခ) သာပေးဆောင်ပါသည်။ နေ့လည်စာအား စီမံချက် (က၊ခ) သာပေးဆောင်ပါသည်။ ကျောင်းဆင်းပြီးချိန် အစားအစာ အစီအစဉ်အား စီမံချက် (က) တစ်ခုတည်းသာ ပေးဆောင်ပါသည်။ စီမံချက် (ဂ၊ဃ) များတွင် ဝန်ဆောင်မှုများ မရှိပါ။